
ပိပိ
ရေအိုင်ထဲက အကြွေပန်းလေး

(အခန်း-၁)

ဖျတ်ခနဲ လက်သွားသည့် ကင်မရာဖလက် မီးရောင်ကြောင့် အပင်ကိုင်းဖျားပေါ် နားနေသော ငှက်ငယ်အချို့ လန့်ပျံသွား၏။

ကျော်ကျော် စမ်းချောင်းလေးထဲ ဆင်းလိုက်သည် ။ ခြေသလုံးသား မြုပ်ရုံသာရှိသော စမ်းရေကြည်လေးသည် သူ့တစ်ကိုယ်လုံးကို အေးမြသွား၏။

မြို့ပြရဲ့ အပူဒဏ် ရှောင်ရှားလိုစိတ်ကြောင့် သောကြာနေ့ ညကတည်းက ဒီတောင်ပေါ်မြို့ လေးကို သူ့ဆိုင်ကယ်လေးနှင့် အပန်းဖြေ အလည်အပတ် လာခဲ့ခြင်းပင် ဖြစ်၏။ သူ တည်းခိုနေကျ ပန်းအလှတော ဟိုတယ်သို့ သွားတည်းခိုသည် ။ ဟိုတယ် မန်နေဂျာနှင့် ကျော်ကျော်မှာ ရင်းနှီးနေပြီ ဖြစ်သည် ။

မိုင်လေးဆယ်ကျော်သာ ဝေးပေမဲ့ ပင်လယ်ရေ မျက်နှာပြင် အမြင့်ပေ ကွာခြားချက်ကြောင့် ဤမြို့ငယ်လေးသည် သူနေထိုင်ရာ မန္တလေးမြို့နှင့် ရာသီဥတု ကွာခြားသည် ။ ပန်းမြို့တော်ဟု လူသိများ သော ပြင်ဦးလွင်မြို့ (မေမြို့) သည် အေးချမ်းသာယာ လှပနေသည် ။

သူ တည်းခိုရာ ပန်းအလှတော ဧည့်ရိပ်သာသည် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းနံဘေး၌ ရှိလေ၏။ သန့်ရှင်းသပ်ရပ်၍ ကျယ်ဝန်းသော ဝင်းခြံအကျယ်ကြီး၌ ဥရောပပုံစံ ဟိုတယ်ကြီးတစ်လုံး တည်ဆောက်

ထား၏။ ထို့အပြင် သီးသန့် ဘန်ဂလို ငယ်လေးများ လည်း တစ်လုံးနှင့် တစ်လုံး ၁၀ ပေ ခြားကာ နေချင်စဖွယ် ဆောက်လုပ်ထားသည် ။

ဘန်ဂလို ငယ်လေးများ ၏ အနောက်တွင် တစ်မျှော်တစ်ခေါ် မြင်တွေ့နေရသည့် သစ်တော ဦးစီးဌာနပိုင် ထင်းရှူးနှင့် ယူကလစ်ပင် တောကြီး ရှိလေသည် ။

သူ့အား ဟိုတယ်မန်နေဂျာက ဤနေရာသို့ ညွှန်လိုက်ခြင်းဖြစ်သည် ။ သဘာဝရှုခင်း ကောင်းကောင်း ဓာတ်ပုံရိုက်လိုပါက ဤ ထင်းရှူး တောထဲ ဝင်ရိုက်နိုင်ကြောင်း၊ စမ်းချောင်းလေး ရှိကြောင်း၊ ရေဝင် အင်းအိုင်ငယ်လေးများ အလွန်လှပကြောင်း သဘာဝ မပျက်စီးသေးသည့် ရေတံခွန် ငယ်လေးများ လည်း ရှိနေကြောင်း ညွှန်းလိုက်၏။ ထို့ကြောင့် သူ ဤ ထင်းရှူးတောအုပ် ကြီးထဲ ရောက်လာခြင်းပင် ဖြစ်လေသည် ။

ထင်းရှူးပင် မြင့်ကြီးများ ၏ အထက်တွင် အစာရှာနေသော သိန်းငှက်ကြီးတစ်ကောင် ပျံသန်းနေသည် ကို တွေ့ရ၏။ တောင်စဉ် တောင်တန်းများ သည် မြင်ကွင်းတစ်ဆုံး ညို့မှိုင်းလို့ နေ၏။

ကျော်ကျော် စမ်းချောင်းလေးထဲမှ တက်၍ မြေပြန့်ပြူးသော နေရာတွင် ထိုင်ချလိုက်သည် ။ သူရိုက်ထားသော ဓာတ်ပုံများကို replay လုပ်ကြည့်၏။ သူ စိတ်တိုင်းကျလောက်သည့် ရှုခင်းပုံ မရသေး။ နေ့တစ်ပိုင်းသာ ကုန်သွားပြီ။

သူ၏ ကျောတွင် လွယ်ထားသော ကျောပိုးအိတ်ကို ဖြုတ်ယူလိုက်၏ ။ ကျောပိုးအိတ်အတွင်း မှ ဂျပ်ဘူးကြီးတစ်ခု ထုတ်ယူလိုက်သည် ။ ဤ ဂျပ်ဘူးသည် ပြီးခဲ့သော တစ်လခန့်ကမှ USA မှာ နေထိုင်သော ဦးလေးက ပို့ပေးထားသော ဒရုန်း(လူမဲ့ရိုက်ကူးရေး ယာဉ်ပျံ) ဖြစ်သည် ။

ပန်ကာလေးလက် ပါရှိသောကြောင့် တော်တော်မြင့်မြင့် ပျံသန်းနိုင်

၏။ ဘက်ထရီမှာ နှစ်နာရီ ကြာ အသုံးပြုနိုင်၏။ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးရန် ကင်မရာပါရှိသည် ။ ကင်မရာအား လိုအပ်သလို လှည့်၍ အသုံးပြုနိုင်သည် ။ 360° လှည့်နိုင်၏။ 12megapixel ပါဝင်တဲ့ water proof ကင်မရာ ဖြစ်သည် ။

video resolution ကို ကြည်လင်ပြတ်သားတဲ့ 4k.10fps ရရှိနိုင်ပြီး၊ 170 degreeHD wide angle လည်း ရိုက်ကူးနိုင်၏။ Memory card 64GB အထိ ထည့်သွင်း အသုံးပြုနိုင်ပြီး wifi နှင့် ချိတ်ဆက် အသုံးပြုနိုင်၏။ သူ့တွင် လက်တော့ပ်ပါလာ၍ ပို၍ အဆင်ပြေသည် ။ ဤနေရာ လိုင်းကောင်း မကောင်းသာ စမ်းကြည့်ရန်လိုသည် ။

ကျော်ကျော် ဖုန်းထုတ်၍ လိုင်းမိ/မမိ စမ်းကြည့်သည် ။ အိုကေ ဒီနေရာ လိုင်းမိ၏။ သို့သော် တစ်ခါတစ်ရံ လုံးဝ ပျောက်ကွယ်သွားတတ်သည် ကို သူ သတိထားမိသွားသည် ။

သူ ဒရုန်းကို စနစ်တကျ တပ်ဆင်လိုက်၏။ လက်တော့ပ်ကို E-table (ခေါက်စားပွဲ ငယ်)ပေါ်တင်၍ wifi ချိတ်ဆက်ထားလိုက်သည် ။ ဖုန်းမှ mobile data ဖွင့်၍ wifi ဖွင့်ထား၏။

ဒရုန်းမလွှတ်ခင် သူ နေ့လယ်စာအဖြစ် အသားညှပ်ပေါင်မုန့်ကို ဘူးထဲမှ ထုတ်စားလိုက် သည် ။ ဟိုတယ်မန်နေဂျာက ခင်မင်နေသဖြင့် သူ့အတွက် ကော်ဖီအုန်းနို့ နှစ်ထပ်ကျောက်ကျော ထည့်ပေးလိုက်သေးသည် ။

"အိုး... အရမ်းအရသာရှိပါလား "

ကျော်ကျော် သဘောကျသွားသည် ။ မန်နေဂျာ၏ ဇနီးမှာ မုန့်မျိုးစုံ လုပ်ကျွေးတတ်သည် ။ သဘောလည်း အလွန်ကောင်း၏။

မန်နေဂျာ၏ အမည်မှာ ကိုခင်မောင်စိုးဟု ခေါ်ပြီး သူ့ဇနီးမှာ မလှလှ ဖြစ်၏။ နှစ်ဦးစလုံး အသက် ၃၀ နှစ်ခန့်ဟု ခန့်မှန်းရသည် ။ မလှလှမှာ ဂေါ်ရခါးလူမျိုးစပ်သည် ဟု သိရ၏။ ၆ တန်း အရွယ်နှင့် ၄ တန်းအရွယ် သားနှစ်ယောက်ရှိသည် ။ အလွန်ဆော့သော မျောက်လောင်းလေးများ ဖြစ်ကြသည် ။ ထိုကလေးနှစ်ယောက်ကလည်း ကျော်ကျော်အား ခင်မင်နေကြပြီ ဖြစ်သည် ။

ကျော်ကျော် စားသောက်ပြီး ဒရုန်းကို အပေါ်လွှတ်တင်လိုက်သည် ။ ဒရုန်းသည် ထင်းရှူးပင် များ အထက်သို့ တက်သွားလေသည် ။

ကျော်ကျော် ရီမုကွန်ထရိုးနှင့် ထိန်းကာ ထင်းရှူးပင်များ အကြားမှ ဖြည်းညင်းစွာ ပျံသန်းရင်း မြေပြင်ရှုခင်းများကို လေ့လာသည် ။

လက်တော့ပ် စကရင်တွင်  ထင်းရှူးတောကြီး အတွင်းက သဘာဝ အလှအပများကို ထင်ရှား စွာ မြင်နေရသည် ။ အရောင်စုံ ငှက်လေးများ မှာ စမ်းချောင်းလေးဘေးက ချုံပင်အချို့တွင် တေးသီဆို နေကြသည် ။

စမ်းချောင်းလေး၏ နံဘေး နိမ့်သော ကွက်လပ်ကျယ်များ တွင် ရေ စီးဝင်ပြီး အင်းအိုင်ငယ် လေးများ အဖြစ် တည်ရှိ၏။

ဒရုန်းကို သူ ခပ်နိမ့်နိမ့် ပျံသန်းလိုက်၊ အမြင့်ပျံသန်းလိုက်နှင့် ထင်းရှူးတောထဲ နေရာ အနှံ့အပြားသို့ လိုက်ကြည့်နေသည် ။ အချို့နေ ရာများ တွင် သဘာဝအလျောက် ပွင့်နေသော အဝါ ရောင်ပန်းများမှာ ပ င်လုံးကျွတ် ဝေဆာနေ၏။

ဒရုန်းယာဉ်ပျံမှ ရိုက်ကူးသမျှကို သူလက်တော့ပ် စကရင်မှ တိုက်ရိုက်ကြည့်ရှုနေ၏။ ဒရုန်း ယာဉ်ပျံသည် ရေအိုင်လေး တစ်ခုအပေါ် မှ ဖြတ်သန်းသွား၏။ ထိုရေအိုင်ငယ်မှာ သိပ်မကျယ်ဝန်းပေ။ ၁၀ ပေ/ ၁၂ပေ ခန့်သာ ကျယ်ဝန်းမည် ထင်ရသည် ။ အစိမ်းရောင် ရေမှော်ဖတ်

များ ဖုံးလွှမ်းနေသည် ။

ဒရုန်းကို ခပ်မြင့်မြင့်မှ ပျံသန်း၍ ထိုနေရာလေးကို အသေးစိတ် ရိုက်ကူးနေလိုက်သည် ။ စမ်းချောင်းလေးသည် ထိုအိုင်ငယ်အနီး မရောက်မီ သစ်ပင်များ ကိုင်းအုပ်နေလေ၏။

ထိုကိုင်းအုပ်နေသော သစ်ပင်များကို အဝေးမှ ရိုက်ကူးကြည့်ရာ သစ်ကိုင်းတစ်ခုတွင် ကားတာယာငယ်အား ကြိုးဖြင့်ချိတ်ဆွဲ၍ စမ်းချောင်းငယ်အပေါ်မှ ဒန်းသဖွယ် ဆင်ထားသည် ကို တွေ့ရသည် ။

ဒန်းစီးသူမှာ ကြည်လင်အေးမြသော စမ်းရေလေးကို ထိတွေ့ခွင့် ရနေမည် ဖြစ်၏။ ကျော်ကျော် ဒရုန်းကို ထိုနေရာနဲ့ ၁၅ ကိုက် အကွာခန့် ထိ သတိနှင့် မောင်းနှင်လိုက်သည် ။ သစ်ပင် အကိုင်းအခက်များကြောင့် ထိုဒန်းလေးဆီအထိ ဒရုန်းဝင်မရပေ။

ထိုအခိုက် သူ့မြင်ကွင်းထဲမှ ကားတာယာ ဒန်းသည် လူတစ်ယောက် တက်စီးပြီး ဆော့ နေသကဲ့သို့ စတင်လှုပ်ယမ်းလာသည် ။

"ဟင်... ဘယ်သူမှ လည်း မရှိဘဲ ဒန်းက သူ့အလိုလို လွှဲနေပါလား"

ကျော်ကျော် ဒရုန်းကို တစ်နေရာတည်း ရပ်တန့်၍ ပျံသန်းရင်း ထိုထူးခြားသော ဖြစ်စဉ်ကို အသေအချာ ရိုက်ကူးလိုက်သည် ။

ဒန်းကြိုးသည် စမ်းရေ၏ အပေါ်တွင် ရိပ်ခနဲ ရိပ်ခနဲ လွှဲနေ၏။ ကမ်းစပ်က မြက်ရိုင်းပင် အချို့သည် လှုပ်ယမ်းသွား၏။

ထို့နောက် စီးဆင်းနေသော ရေအလျဉ်တွင် အနီရောင်ရဲရဲ နှင်းဆီပွင့်ငယ်လေး တစ်ပွင့် မျောပါလာသည် ။ နှင်းဆီပွင့်လေးသည် ကားတာယာ ဒန်းအနီး ရောက်သောအခါ ဆက်၍ စီးမျောမသွားဘဲ ထူးဆန်းစွာ ရပ်တန့်၍ ဝေ့ဝိုက်ကာ ပေါလောပေါ်နေသည် ။

"ဟာ... ဘာတွေလဲ"

ဟုတ်ပါသည် ။ ကျော်ကျော့်အတွက် အလွန်ထူးဆန်းသော မြင်ကွင်းကို ကြည့်နေရခြင်း ဖြစ်သည် ။ စမ်းချောင်းလေး အထက်ဘက်မှ နောက်ထပ် အနီရောင် နှင်းဆီပွင့်များ တစ်ပွင့်ပြီး တစ်ပွင့် ဆက်တိုက် မျောလာသည် ။ နှင်းဆီပန်းများ သည် ဒန်းအနီး ရောက်သည့်အခါ အောက်ဘက် သို့ ဆက်စီးမျောမသွားဘဲ ဒန်းလေးအောက်၌ သာ ရပ်တန့် ဝေ့ဝဲနေသည် ။

သိပ်မကြာခင် ကြည်လင်နေသော ရေတို့ သည် အမှုန်များ ဖြင့် နောက်ကျိလာ၏။ ဒန်းအနီး တစ်ဝိုက်မှ ရေများ သာ နောက်ကျိလာခြင်းဖြစ်သည် ။

လှုပ်ရှားနေသော ကားတာယာကွင်းသည် ငြိမ်သက်သွား၏။ ကျော်ကျော် လက်တော့ပ် စကရင်ပေါ်မှ ထိုအဖြစ်ဆန်းကို အသက်ရှူ ရပ်မတတ် အံ့ဩမှ င်တက်နေမိသည် ။

ဒန်းအနီးတစ်ဝိုက် ရေပြင်သာ နောက်ကျိလာသည် မဟုတ်။ ထိုနေရာသည် တဖြည်းဖြည်း အရိပ်ကျလာသလို အလင်းရောင်အား ဖျော့လာ၏။ စမ်းချောင်းရေပြင်၏ အပေါ်တွင် မြူခိုးများ သဖွယ် အုံ့ဆိုင်းလာသည် ။

ထို မြူခိုးများ အကြားမှ ...

"ဟာ... လူ... လူ... "

ကျော်ကျော် လန့်အော်လိုက်ခြင်း ဖြစ်သည် ။ မအော်ဘဲလားလေ။ မြူခိုးများ အကြားမှ တစ်ကိုယ်လုံး အဖြူဆွတ်ဆွတ် ဂါဝန်ရှည် ဝတ်ထားသော မိန်းမတစ်ယောက်သည် ကားတာယာ ကွင်းလေးထဲ ဝင်ထိုင်

ကာ ဒန်းကို လွှဲစီးနေပြီ ဖြစ်သောကြောင့်ပင်။

"ဂျစ်... ဂျစ်... ဂျလစ်... ဂျလစ်"

သူ၏ ဖုန်းထဲမှ အသံများ ထွက်ပေါ်လာခြင်းဖြစ်သည် ။ သူ အံ့သြသွားသည် ။ ဖုန်းထဲမှ တဂျစ်ဂျစ် အသံများ ငြိမ်သက်သွားပြန်သည် ။ မရှေးမနှောင်းမှာ ပင် ဖုန်းထဲမှ ကြည်လင်သော သီချင်းသံလေး ထွက်ပေါ်လာပြန်သည် ။

"ငိုကြွေးနေတဲ့ ... ဤ ကမ္ဘာလောကကြီးကို... ♪ သင်... ဘယ်လို ဘယ်လို နှစ်သိမ့်မလဲ...

♪ ဒါ... ဒါ... ဒါး... ဒီး... ဒါ ♪

သင့်နှလုံးသားကို ♪ အနူးညွှတ်ဆုံး ဖွင့်ထားပါ နှလုံးသားက မေတ္တာတရားဟာ... ကမ္ဘာကြီးကို ♪ ထွေးပွေ့လို့ ... ငိုသံတွေ... တိတ်ဆိတ်စေမယ်... ♪ တကယ့် အမှန်တရားဟာ.. ဘုရားသခင်က... လူတိုင်းနှလုံးသားမှာ ကွယ်ဝှက်... သိမ်းဆည်းပေးခဲ့သလား "

" ဒါ... ဒါ... ဒါး... ဒီး... ဒါ"

ကျော်ကျော် လက်တော့ပ်စကရင်မှ သီချင်းဆိုနေသော မိန်းကလေးကို ကြည့်လိုက်သည် ။ မိန်းကလေးသည် နက်မှောင်ရှည်လျားသော ဆံပင်တို့ ကို ဖားလျားချထားသည် ။ သူမ၏ မျက်နှာကို သဲကွဲစွာ မမြင်ရ။ သူမသည် ရေထဲက နှင်းဆီပွင့်လေးများကို ေးမောရင်း သီချင်းဆိုနေခြင်း ဖြစ်သည် ။

သီချင်းသံ ရပ်သွားသည် ။ သူမ ကားတာယာကွင်းထဲမှ စမ်းရေထဲသို့ အသာယာ ဆင်းလိုက်သည် ။ သူမ ရေထဲက နှင်းဆီပွင့်လေးများကို ဆယ်ယူနေသည် ။ ဆယ်ယူပြီး နှင်းဆီပွင့် များကို နမ်းရှိုက်ရန် သူမ၏

ခေါင်းကို မော့လိုက်၏။

ကျော်ကျော်... ထိုမိန်းကလေးအား အရမ်းစိတ်ဝင်စားနေပြီဖြစ်၍ သူမ၏ မျက်နှာလေးကို အနီးကပ်ကြည့်လိုစိတ် ဖြစ်ပေါ်လာသည် ။ သူ ဒရုန်းကို ဒန်းအနီးသို့ရောက်အောင် ပျံသန်းလိုက် သည် ။

"ဟာ... အရမ်းလှတဲ့ ကောင်မလေး"

ဒရုန်းကို နီးကပ်အောင် ပျံသန်းရင်း သူ့ပါးစပ်မှ ချီးမွမ်းစကားတို့ ထွက်ကျလာသည် ။ ပြေပြစ်သော နဖူးတွင် ခပ်ထူထူတန်းနေသော မျက်ခုံးတစ်စုံ၊ လှပသော မျက်ခွံကျယ်အောက်မှ ကော့ရွှန်းတောက်ပနေသော မျက်ဝန်းများ ။ နှာတံလုံးလုံးလေးနှင့် လိုက်ဖက်သော အိစိုနေသည့် နှုတ်ခမ်းသားများမှာ ရင်ခုန်လှိုက်မောဖွယ်ရာ။ အားလုံး ခြုံငုံသုံးသပ်ရလျှင် နုနယ်ပျိုမျစ်၍ လှပသော မိန်းမချောလေးပင်။

ကျော်ကျော် အငမ်းလွန်ရင်း ဒရုန်းကို သစ်ကိုင်းတစ်ခုနှင့် ထိငြိသွားအောင် မောင်းလိုက် မိသည် ။

သွားပြီ။ ဒရုန်းအတောင်ပံနှင့် သစ်ကိုင်းနဲ့ ငြိကာ ဝရုန်းသုန်းကား ဖြစ်ကုန်၏။ သူ အလန့်တကြား ရီမုကွန်ထရိုးကို ထိန်းချုပ်သေးသည် ။ မရတော့ပါ။ ဒရုန်းအတောင်ပံ သစ်ကိုင်းနှင့် ရိုက်ခတ်၍ ရေထဲပြုတ်ကျသွားသည် ။ ပြုတ်မကျခင် ဒရုန်းကင်မရာမှ မိန်းမချောလေးအား အမိအရ မှတ်တမ်းတင်သွားသည် ။

မိန်းမချောလေးသည် ဒရုန်းနှင့် သစ်ကိုင်း ရိုက်ခတ်သံကြောင့် ကင်မရာ ရှိရာဘက်သို့ ထိတ်လန့်တကြား ကြည့်လိုက်ခြင်းဖြစ်သည် ။ မိန်းမချောလေးသည် သူမ၏ ဆံပင်ရှည်ကြီးနှင့် မျက်နှာကို ဖုံးကွယ်လိုက်သည် ။

ပြီးတော့ ဒရုန်းကို ကျောပေးကာ မြူခိုးများ ထဲ ဖြည်းညင်းစွာ ဝင်သွား၏။ မြူခိုးများ အကြား မှ သူမသည် ဒရုန်းဘက်သို့ တစ်ချက်မျှ လှည့်ကြည့်သည် ကို နောက်ဆုံး တွေ့မြင်လိုက်ရသည် ။

ကျော်ကျော် လန့်အော်ကာ လက်ထဲက ရီမုကွန်ထရိုးကို လွှတ်ချလိုက်သည် ။ "အား… မျက်နှာ ပြောင်ကြီး…"

ကျော်ကျော် ကြောက်လန့်သွားသည် ။ မိန်းမချောလေး၏ မျက်နှာမှ လုံးဝ ပလိန်းပြောင်ကြီး ဖြစ်နေသောကြောင့်ပင်။ ဒရုန်းလည်း စမ်းရေထဲသို့ ပြုတ်ကျသွားလေပြီ။ ကျော်ကျော်… တန်ဖိုးကြီး ဒရုန်းတစ်ခု ဆုံးရှုံးသွားလေပြီ။

ကျော်ကျော် ပစ္စည်းများကို အမြန်သိမ်း၍ မှောင်စပြုနေသော ထိုထင်းရှူးတောကြီးထဲမှ အမြန်ပြန်ထွက်လာခဲ့သည် ။ ဒရုန်းကို သူတစ်ယောက်တည်း မရှာဖွေရဲတော့ချေ။

မှောင်လည်း မှောင်တော့မည်။ မနက်ကျမှ ဟိုတယ်က ဝန်ထမ်းတစ်ယောက်ကို အကူအညီ တောင်း၍ ရှာတော့မည်ဟု ဆုံးဖြတ် လိုက်လေသည် ။

သူ ထင်းရှူးတောကြီးထဲမှ အပြေးတစ်ပိုင်း ဟိုတယ်သို့ ပြန်လာခဲ့သည် ။ ဟိုတယ် ရောက်တော့ စိတ်လှုပ်ရှားနေသည့် သူ့အားကြည့်ကာ… မန်နေဂျာ ကိုခင်မောင်ထွန်းက…

"ညီလေး… အဆင်ပြေရဲ့ လား ပြန်လာတာ နောက်ကျတယ်နော်"

ကျော်ကျော် ကိုခင်မောင်ထွန်းအား ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ပြကာ သူနေသော ဘန်ဂလို A-35 သို့ ခပ်သုတ်သုတ် လျှောက်သွားသည် ။ မန်နေဂျာက ကျော်ကျော်၏ မျက်နှာပျက် နေသော အမူအရာကိုကြည့်

၍ ပခုံးတွန့်လိုက်သည် ။

ဘန်ဂလို အခန်းသော့ကို ကျော်ကျော်ဖွင့်၍ ဝင်လိုက်သည် ။ ကျောပိုးအိတ်ကို စားပွဲပေါ် တင်လိုက်သည် ။

ညနေပိုင်း ထင်းရှူးတောထဲမှ အဖြစ်အပျက်များကို တွေးရင်း... သူ ပျာယီးပျာယာဖြင့် ကျောပိုးအိတ်ကို ဖွင့်ကာ လက်တော့ပ်ကို စားပွဲပေါ် တင်၏။ ထို့နောက် ညနေပိုင်း အဖြစ်အပျက်များ ကို ပြန်ကြည့်ရန် လက်တော့ပ်ကို ဖွင့်လိုက်၏။

သူ ဗီဒီယိုဖိုင်ထဲ ဝင်ကြည့်သည် ။ ဒရုန်းယာဉ်ပျံမှ ရိုက်ကူးထားသော ဗီဒီယိုကို ပြန်ကြည့်ခြင်း ဖြစ်သည် ။

ထင်းရှူးတောကြီးကို အပေါ်စီးမှ လှပစွာ ရိုက်ကူးထားသောပုံများ စ တင်ပေါ်လာသည် ။ ထို့နောက် ထင်းရှူးပင်များကြားထဲမှ သစ်ခွပင်များ ၊ ပန်းပင်များ ပေါ်လာသည် ။ စမ်းချောင်းလေး တစ်လျှောက် ရိုက်လာ သော အပုံများကို သူ သတိထားကြည့်လာသည် ။ မကြာမီ ကားတာယာ ဒန်းကြိုးလေးနဲ့ စမ်းချောင်းလေးပုံသို့ ရောက်လာသည် ။

သူ အသေအချာကြည့်နေသည် ။ ဟာ... ဟုတ်ပြီ... ဒန်းလေး စလွှဲနေ ပြီ။ ဟော... ဟော... စမ်းချောင်းအထက်က နှင်းဆီတစ်ပွင့်... မျော မျော. .. မျောလာ..."

ထိုနေရာတွင် ပဲ ဗီဒီယိုက ရပ်သွားသည် ။

"ဖျတ်... ရှဲ... ရှဲ..."

" ဟာ ... ဒီအထိပဲလား ဟ ရိုက်ထားတာ အများကြီးပါ...။ ဘယ်လို ဖြစ်သွားတာလဲ... "

သူ လက်တော့ပ်ကို အမျိုးမျိုး စမ်းကြည့်၏။

ဗီဒီယိုဖိုင်မှာ ထိုနေရာတွင် ရပ်နေ၏။ ဒါဆို... ငါ တွေ့ခဲ့ရတာတွေ ဘယ်လို သက်သေပြလို့ ရတော့မလဲ။ ဟူး... ခက်ပ့ါ။

ကျော်ကျော် တစ်ခုသတိရသွားသည် ။ ဟာ... ဟုတ်ပြီ။ ဒရုန်းကို ပြန်လိုက်ရှာရမယ်။ ဒရုန်း က ကင်မရာထဲက မန်မိုရီကဒ်ထဲမှာ ရှိနေဦးမှာပဲ...။

ကျော်ကျော် ဆိုဖာနောက်ကျောပေါ် ကျောမှီချရင်း...

"အင်း... မနက်ဖြန်ကျမှ ပဲ ရေထဲကျသွားတဲ့ ဒရုန်းကို မတွေ့ တွေ့အောင် ရှာတော့မယ်။ တွေ့ရင်တော့ ငါသက်သေပြလို့ ရပြီ။ တစ္ဆေသရဲဆိုတာ အပြင်မှာ တကယ်ရှိတယ်လို့ ပြလို့ ရပြီကွ ဟားဟား..."

ကျော်ကျော်ကား ... ဝိညာဉ်လောကအကြောင်း စာရေးသော မထင်မရှား စာရေးဆရာလေး တစ်ဦး ဖြစ်၏။ မိဘများက သူ၏ ဝါသနာကို လုံးဝ အားမပေးဘဲ အတည်တကျ လုပ်ငန်းတစ်ခု လုပ်ရန် အမြဲဆူပူနေ၏။ ယခု သူ၏ ဗီဒီယိုဖိုင်သာ သက်သေပြနိုင်ပါက သူ၏ ဝါသနာကို ကောင်းစွာ အထောက်အပံ့ပေးနိုင်မည် မဟုတ်လား။ ထိုအကြောင်းကို စာဖွဲ့၍ ဗီဒီယိုဖိုင်နှင့်တကွ တင်ပြလိုက် ပါကစာအုပ်တိုက်များ သူ့နောက်လိုက်လာလိမ့်မည်ဟု သူ စိတ်ကူးယဉ်နေမိသည် ။

"ဒေါက်... ဒေါက် "

ထိုအခိုက် သူ၏ အခန်းတံခါးကို အပြင်ဘက်မှ ခေါက်သံ ကြားလိုက်ရသည် ။

ဘယ်သူပါလိမ့်... ငါ ဒီမှာ တည်းတာ ဘယ်သူက သိလို့ လိုက်တာပါလိမ့်...

သူ... အခန်းတံခါးကို ဖွင့်ပေးရန် ထိုင်ခုံမှ ထလိုက်သည် ။ အပြင်ဘ

က်မှ အသံလေးတစ်ခု သူနားဖြင့် ဆတ်ဆတ်ကြားလိုက်သည် ။ သူ မျက်လုံးပြူးသွား၏။

♪ ဒါ... ဒါ... ဒါး... ဒီး... ဒါ ...

***